## ၂။ ကြံ့ပိုး

**Coconut rhinoceros beetle: *Oryctes rhinoceros* (Linnaeus)**

**Coleoptera: Scarabaeidae: Dynastinae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ





ကြံ့ခိုင်သန်မာသော အကောင်ကြီးသည် အညိုရောင်အရင့် မှ အနက်ရောင် ရှိပြီး ခေါင်းပေါ်တွင် ထင်ရှားသည့် နှာမောင်းပါရှိ**ကာ** အရှည် (၃၅- ၅၀ ) မီလီမီတာခန့် နှင့် အကျယ် (၂၀ -၂၃ ) မီလီ မီတာ ခန့် အရွယ်အစား ရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ





အရွက်များတွင် အင်္ဂလိပ်အက္ခရာ "V" ပုံသဏ္ဍာန် (သို့မဟုတ်) သတ်ပုံသဏ္ဍာန်ပြတ်နေသော အရွက်များကို တွေ့နိုင်သည်။ အပင်ကြီးထွားသည့် နေရာ (သို့မဟုတ်) ပင်စည်နုထဲသို့ ထိုးဖောက်ဝင်ရောက် စားသောက်ခြင်းဖြင့်အငယ်များအား သေစေသည်။ လောက်ကောင်များ သည် သေနေသော သစ်သားများ၊ သေနေသော အုန်း၊ကွမ်း မျိုးနွယ်ပင်ပင်စည်များ နှင့် အပင်ဖျားရှိ သေနေသောအုန်းလက်များပေါ် တွင် ပွားများနေထိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - ( ၈ - ၁၂ ) ရက် |
| လောက်ကောင် အဆင့် | - ( ၈၀ - ၂၀၀ ) ရက် |
| ရုပ်ဖုံး အဆင့် | - ( ၁၇ - ၃၀ ) ရက် |
| အကောင်ကြီးအဆင့် | - (၆ ) လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးကျရောက်မှု ရှိ/မရှိ အားအလင်းရောင်ထောင်ချောက်ထွန်း၍ ကင်းထောက်ပါ။

(၂) စိုက်ခင်းအတွင်း နှင့် ပတ်လည်အား ဖျက်ပိုးကျရောက်လျက်ရှိသော အပင် အစိတ်အပိုင်း များ၊အပင်သေများ၊အပုပ်အဆွေးများအားမီးရှို့ရှင်းလင်းပါ။

(၃)မြေဆွေးအပုံများအကြားရှိနေနိုင်သောပိုးကောင်အစိတ်အပိုင်းများအားဖျက်ဆီးပါ။

(၄)ဝါယာကြိုးထိပ်ပိုင်းတွင်ကွင်းပြုလုပ်၍ အပင်ငယ်တွင် ဝင်ရောက်စားသောက် ဖျက်ဆီးနေ သော အကောင်ကြီးများအား ဖယ်ရှားပါ။

(၅)ပိုးလောက်ကောင်များကို ဖယ်ရှားနိုင်ရန် နွားချေး/ကျွဲချေးပုံများ/တွင်းများကို ပုံမှန် အထက်အောက် လှန်ပေးပါ။

(၆)သင့်လျော်သောမျိုးပွားရန်နေရာ (သို့မဟုတ်) အပင်ငယ်များကို ရှာဖွေရန်အတွက် အကောင်ကြီး ရွေ့လျားမှုကို တားဆီးရန် အကြီးမြန်သော မြေဖုံးပင်များ စိုက်ပျိုးပါ။

(၇) Palm crown အတွင်းရှိအကောင်ကြီးများအားချိတ်ဖြင့်ဖမ်းယူပါ။

(၈)  ဖိုရိတ် ၁၀ဂျီ (Phorate 10G) အား (၅)ဂရမ် အထုပ်လေးများပြုလုပ်၍အတွင်း အကျဆုံး ဝင်ရိုးအူတိုင်/ တွင်(၆)လတကြိမ်ချိတ်ဆွဲပေးပါ။

(၉)ဖျက်ပိုးပွားများနိုင်သောနေရာများ(သို့)မြေဆွေးပုံများတွင်ထိသော၊စားသေအာနိသင်ရှိပိုးသတ် တမျိုးမျိုးအားဆေးအညွှန်းအတိုင်း အကောင်ရှိ သည့် နေရာရောက်အောင် ပက်ဖျန်းခြင်းဖြင့် နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း (Carbaryl)
- ဆိုင်ပါမီသရင်(Cypremethrin)
- ဒယ်လ်တာမီသရင်(Deltamethrin)